# မလေးရှားရဲတပ်ဖွဲ့နှင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ကော်မရှင်က ကရင်ပြည်နယ်ရှိ ဆိုက်ဘာငွေလိမ်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် ဒုဝန်ကြီးဟောင်းအပေါ် စုံစမ်းစစ်ဆေးမှုများအား JFM ကြိုဆို

ကရင်ပြည်နယ်ရှိ ဆိုက်ဘာငွေလိမ်ဗဟိုချက်တစ်ခုတွင် မလေးရှား ဒုတိယဝန်ကြီးဟောင်း Datuk Dr Mashitah Ibrahim နှင့် သူမ၏ခင်ပွန်းဖြစ်သူ Datuk Abdul Shakor bin Abu Bakar တို့ ပါဝင်ပတ်သက်နေမှုအပေါ် မလေးရှားရဲတပ်ဖွဲ့နှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်တို့က စုံစမ်းစစ်ဆေးနေမှုများအား Justice For Myanmar က ကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင်း ရာဇဝတ်စီးပွားဂိုဏ်းလုပ်ငန်းများတွင် ဒုဝန်ကြီးဟောင်းနှင့် သူမ၏ခင်ပွန်းတို့ ပါဝင်ပတ် သက်မှုအား စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း၊ အဆိုပါဇနီးမောင်နှံထံမှ **ထွက်ဆိုချက်များ**ကို ဇူလိုင်လတွင် ရယူပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ရဲရေးမိုလ်ချုပ်ကြီး Tan Sri Razarudin Husain က ယမန်နေ့ သတင်းစာရှင်းလင်းပွဲတွင် **အတည်ပြု**ပြောကြားခဲ့ပါသည်။ ရဲတပ်ဖွဲ့ဝင်များက သက်သေများကို ရှာဖွေနေကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။

မာရှီတအီဗရာဟင်သည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များထံ ထွက်ဆိုချက်ပေးခဲ့ကြောင်း **အတည်ပြု ထုတ်ဖော်ပြောကြား**ထားသည်။

အရပ်ဘက်အဖွဲ့အစည်းများက တိုင်ကြားခဲ့ပြီးနောက်ပိုင်း **မလေးရှား အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ကော်မရှင် (MACC)** ကလည်း မာရှီတအီဗရာဟင်အပေါ် စုံစမ်းစစ်ဆေးမှုများ ယခုအပတ်အတွင်း စတင်လုပ်ဆောင်ခဲ့သည်။

မြန်မာစစ်အုပ်စု၏မဟာမိတ်၊ ပြည်သူ့စစ်တဖြစ်လဲ ကရင်နယ်ခြားစောင့်တပ်ဖွဲ့/ ကရင်အမျိုးသားတပ်မတော် (BGF/KNA)နှင့်အတူ Dongmei Park တွင် ပါဝင်နေသည့် ထင်ရှားသော မလေးရှားနိုင်ငံသားများ၏ အခန်းကဏ္ဍကို ဖော်ထုတ်ထားသည့် Justice For Myanmar ၏ မေလ **အစီရင်ခံစာ** ထွက်ပေါ်ခဲ့အပြီး၊ ယခုလို**စုံစမ်းစစ်ဆေးမှုများ** လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီရင်ခံစာတွင် မာရှီတအီဗရာဟင်၊ အဗ္ဗဒူရှာကောနှင့် အခြားသူများ၏ အမည်များကို ဖော်ထုတ်ခဲ့သည်။

မာရှီတအီဗရာဟင်နှင့် အဗ္ဗဒူရှာကော အပါအဝင် မြန်မာနိုင်ငံရှိ ဆိုက်ဘာငွေလိမ်ခြံဝန်းကြီးများတွင် ပါဝင်ပတ်သက်သည့် မလေးရှားနိုင်ငံသားအားလုံးအပေါ် လျင်မြန်သော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပြီး၊ ၎င်းတို့အား ဥပဒေအရ အရေးယူအပြစ်ပေးပါရန် မလေးရှားရဲတပ်ဖွဲ့သို့ ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

MACC အနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ပြီးပြည့်စုံသည့် စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ရန်နှင့်၊ ယင်းစုံစမ်းစစ်ဆေးမှု၏ ရလာဒ်ကိုလည်း အများပြည်သူသို့ ထုတ်ပြန်ရန် တိုက်တွန်းအပ်ပါသည်။

ယခင်က Saixigang Industrial Park ဟု အမည်ပေးထားသည့် **Dongmei နိုင်ငံဖြတ်ကျော်ရာဇဝတ်လုပ်ငန်းဗဟိုချက်ကို** လူကုန်ကူးခံရသည့် အလုပ်သမားများဖြင့် လုပ်ငန်းလည်ပတ်နေခြင်းဖြစ်သည်။ ယင်းအလုပ်သမားများသည် ရာဇဝတ်လုပ်ငန်းများကို အတင်းအကြပ်စေ ခိုင်းစေခံရမှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ငွေညှစ်ခံရမှုများနှင့် ကြုံတွေ့ခဲ့ကြရသူများလည်း ဖြစ်သည်။ ဖမ်းဆီးခံထားရသူများ မထွက်ပြေးနိုင်စေရန်အတွက် ကင်းစောင့်မျှော်စင်များ၊ ပင်မဂိတ်တွင် ရိုင်ဖယ်သေနတ်ကိုင်စစ်ယူနီဖောင်းဝတ် အစောင့်အကြပ်များဖြင့် လုံခြုံရေး တင်းတင်းကျပ်ကျပ် ချထားသည်။

မလေးရှားရဲတပ်ဖွဲ့၏ လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းလူမှောင်ခိုမှုတိုက်ဖျက်ရေးဌာနခွဲတွင် သူမနှင့် အဗ္ဗဒူရှာကောတို့ ရိုက်ကူးထားသော ဗီဒီယိုတစ်ပုံပါဝင်သည့် **Facebook ပို့စ်တစ်ခု**တွင် မာရှီတအီဘရာဟင်က “ကျမမိတ်ဆွေက အဲဒီမှာရှိတဲ့ သူရဲ့စီမံကိန်းမှာ ဓါတ်ပုံရိုက်ဖို့ ကျမကို ဖိတ်ခေါ်ခဲ့တာကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေဖို့ ရည်ရွယ်ပြီး အသရေဖျက်ဖို့ ကြိုးပမ်းသူမှန်သမျှကို ဥပဒေအရ အရေးယူဆောင်ရွက်သွားဖို့ တွန့်ဆုတ်နေမှာ

မဟုတ်ဘူး” ဟု တုန့်ပြန်ထားသည်။ သို့ရာတွင် Dongmai Park တွင် သူမ၏ ဆက်နွယ်မှု သက်သေ အထောက်အထားများစွာကို သူမ၏ Facebook ပေါ် ရှိ ယခင်ပို့စ်များတွင် အသေးစိတ် တွေ့ရှိပြီး ဖြစ်သည်။ ပို့စ်တစ်ခုတွင် မာရီိုတသည် သူ့ကိုယ်သူ အဆိုပါစီမံကိန်း၏ “သံမဏိအမျိုးသမီး” ဟုပင် ရည်ညွှန်းခဲ့သည်။

**Dongmei Park ၏ ရင်းနှီးမြှုပ်နှံသူများ**

Dongmei Park ၏ အဓိကရင်းနှီးမြှုပ်နှံသူများမှတစ်ဦးသည် တရုတ်နိုင်ငံဖြတ်ကျော်ရာဇဝတ်အဖွဲ့ အ စည်းကြီး 14K လူးဆိုးဂိုဏ်း၏ ခေါင်းဆောင်ဟောင်းဖြစ်သူ Wan Kuok-koi (သွားကျိုး/Yin Gouju ဟု လည်းသိကြသူ) ဖြစ်သည်။ Wan Kuok-koi အား အမေရိကန်ပြည်ထောင်စုက ၂၀၂၀ ခု နှစ်တွင် **ဒဏ်ခတ် ပိတ်ဆို့မှု** ချမှတ်ခဲ့သည်။

Dongmei Group အောက်တွင် ဟောင်ကောင်မှတ်ပုံတင်ကုမ္ပဏီတစ်ခုဖြစ်သည့် Dongmei Investment Group Company Limited ရှိပြီး၊ ယင်းကုမ္ပဏီကိုလည်း အမေရိကန်ပြည်ထောင်စု က ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားသည်။ ကုမ္ပဏီတွင် ဒါရိုက်တာနှင့် ရှယ်ယာရှင် မလေးရှား နိုင်ငံသားနှစ်ဦး ပါဝင်ပြီး၊ ၎င်းတို့မှာ အဗ္ဗဒူရှာကော ဘင် အဘူဘကာနှင့် ယောင်မွန်ဟောင်တို့ ဖြစ် ကြသည်။

မာရီိုတအီဗရာဟင်၏ Facebook စာမျက်နှာရှိ ပို့စ်အများအပြားတွင် Dongmei Park ၌ သူမနှင့် အဗ္ဗဒူ ရှာကောတို့၏ ပါဝင်ပတ်သက်မှု သက်သေအထောက်အထား များစွာကို ဖော်ပြနေသည်။

ပြီးခဲ့သည့် မေလအတွင်း Justice For Myanmar က **အသေးစိတ်ဖော်ပြခဲ့**သည့်အတိုင်း မာရီိုတအီ ဗရာဟင်နှင့် အဗ္ဗဒူရှာကော ဘင် အဘူ ဘာကာတို့သည် ၎င်းတို့၏ မိတ်ဆွေအချို့နှင့်အတူ ၂၀၂၀ ခု နှစ်၊ ဇန်နဝါ ရီလ၊ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံနှင့် မြဝတီမြို့နယ်သို့ သွားရောက်ခဲ့ကြသည်။ ဓါတ်ပုံ တစ်ပုံတွင် ငွေလိမ် ခြံဝန်းကြီး၏ ဆောက်လုပ်ရေးလုပ်ငန်း ဖြစ်ပုံရသည့်နေရာတစ်ခု၌ မာရီိုတအီဗ ရာဟင်အား ကရင်နယ်ခြား စောင့်တပ်ဖွဲ့များက ဝန်းရံလျက် ရိုက်ကူးထားသည်ကို တွေ့ရသည်။

နောက်တစ်လတွင်လည်း ၎င်းတို့သည် ထိုင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ခဲ့ပြီး၊ မာရှီတအီဗရာဟင်က "တာကော" ၂၀ အုပ်စုနှင့်အတူ ခရီးသွားနေကြောင်း ဖေဖော်ဝါရီလ ၂၃ ရက်နေ့ တွင် ဘန်ကောက်လေဆိပ်မှ ပို့စ်တင်ခဲ့သည်။ "တာကော" သည် ကန်တုန်ဘာသာစကားအရ အစ်ကိုကြီး သို့မဟုတ် သူဌေးဟူ၍ အဓိပ္ပါယ်ရသည်။ အဆိုပါသူဌေးများမှ တစ်ဦးသည် Wan Kuok-koi ဖြစ်သည်။

နောက်တစ်ရက်တွင် မာရှီတအီဗရာဟင်သည် မြဝတီမြို့နယ်အတွင်းရှိ စီမံကိန်းနေရာ၌ ပြုလုပ်သည့် စီမံကိန်းအုတ်မြစ်ချအခမ်းအနားမှနေ၍ ပို့စ်တင်ခဲ့ပြန်သည်။ အဆိုပါအခမ်းအနားတွင် အဗ္ဗဒူရှာကောက မိန့်ခွန်းပြောကြားခဲ့သည်။

စီမံကိန်းအုတ်မြစ်ချအခမ်းအနား၏ ဓါတ်ပုံနှင့်ဗွီဒီယိုဖိုင်များတွင် အခမ်းအနားအတွင်း လက်နက် အပြည့်အစုံတပ်ဆင်ထားသည့် ကရင် BGF စစ်သားများက စင်မြင့်ပေါ်၌ မတ်တပ်ရပ်၍ လုံခြုံရေးပေးနေသည်ကို တွေ့ရပြီး၊ ၎င်းသည် အဆိုပါဆိုက်ဘာငွေလိမ်ခြံကြီးတွင် ပြည်သူစစ်အဖွဲ့၏ ပါဝင်ပတ်သက်မှု နောက်ထပ်အထောက်အထားပင် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကွာလာလမ်ပူမြို့တော်ရှိ Marriott Hotel ၌ အဆိုပါစီမံကိန်း ဖွင့်လှစ်ခြင်းနှင့် "ရင်းနှီးမြှုပ်နှံသူများအား ကျေးဇူးတင်ခြင်း" အခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနား တွင် "လူငယ်အသင်းလုပ်ငန်းများ" အတွက် အလှူငွေများ ပေးအပ်ခဲ့ပြီး၊ ဓါတ်ပုံများတွင် Dongmei Group နှင့် မာရှီတအီဗရာဟင်၊ အဗ္ဗဒူရှာကောတို့ပိုင်ဆိုင်သည့် Grand Commerce Network တို့က ပေးအပ်သည့် CIMB Bank ချက်လက်မှတ်ကြီးတစ်စောင်ကို တွေ့ရသည်။

မလေးရှားနိုင်ငံသားများသည် ရွှေကုက္ကိုလ်ဒေသရှိ ရထိုက်မြို့သစ်စီမံကိန်းတွင်လည်း ပါဝင်နေကြသည်။ ရထိုက်မြို့သစ်စီမံကိန်းသည် ကရင် BGF/KNA နှင့် မိတ်ဖက်ဆောင်ရွက်၍ ဆိုင်ဘာငွေလိမ်လုပ်ငန်း၊ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းများမှ အကျိုးအမြတ်များ ရှာဖွေနေသည့် ဖွံ့ဖြိုးရေး အမည်ခံ စီမံကိန်းတစ်ခုလည်း ဖြစ်သည်။ မလေးရှားနိုင်ငံသားနှစ်ဦးသည် ရထိုက်မြို့သစ်စီမံကိန်း ဖော်ဆောင်သူ Myanmar Yatai International Holding Group Company Limited တွင် ဒါရိုက်တာနှင့် ရှယ်ယာရှင်များအဖြစ် ပါဝင်နေကြသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်**က "နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ Dongmei ဆိုက်ဘာငွေလိမ်ခြံလုပ်ငန်းမှာ ထင်ရှားတဲ့ မလေးရှားနိုင်ငံသားများရဲ့ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍအပေါ် မလေးရှားရဲတပ်ဖွဲ့နဲ့ MACC တို့ရဲ့ စုံစမ်းစစ်ဆေးမှုကို ကြိုဆိုပါတယ်။

မလေးရှားအာဏာပိုင်တွေအနေနဲ့ မြန်မာနိုင်ငံက နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ မလေးရှားနိုင်ငံသားအားလုံးကို အလျင်အမြန် စုံစမ်းစစ်ဆေးသင့်ပြီး၊ ၎င်းတို့ရဲ့ ပါဝင်ပတ်သက်နေမှုများအပေါ် အလုံးစုံတာဝန်ခံစေရေး ဆောင်ရွက်သင့်ပါတယ်။

Dongmei Park ရဲ့ စီးပွားရေးလုပ်ကိုင်ပုံက လူတွေကို အတိဒုက္ခရောက်၊ ဘဝပျက်စေတဲ့ ပုံစံဖြစ်ပါတယ်။ ဒီစီမံကိန်းက စစ်ရာဇဝတ်မှုတွေ ကျူးလွန်မှုအတွက် တာဝန်ရှိတဲ့ ရာဇဝတ်ပြည်သူ့စစ် အဖွဲ့ ကရင် BGF/KNA ရဲ့ ပူးပေါင်းပါဝင်မှုနဲ့ လူကုန်ကူးမှု၊ ဆိုက်ဘာ လူကျေးကျွန်ပြုမှုတွေကနေ အကျိုးအမြတ် ရှာဖွေနေတာ ဖြစ်ပါတယ်။

လာမယ့်အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် မလေးရှားနိုင်ငံအနေနဲ့ လူကုန်ကူးမှုတွေနဲ့ ဆိုက်ဘာ လူကျေးကျွန်ပြုမှုတွေမှာ ၎င်းတို့ရဲ့နိုင်ငံသားတွေ ပါဝင်ပတ်သက်မှုကို သည်းခံမှာမဟုတ်ဘူး ဆိုတာကို မြန်မာပြည်သူတွေနဲ့ အာဆီယံဒေသကို ပြသသင့်ပါတယ်။

မလေးရှားနိုင်ငံအနေနဲ့ စစ်အုပ်စု၊ ၎င်းတို့ပြည်သူ့စစ်အဖွဲ့တွေနဲ့ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေတွေကို ဆန့်ကျင်ကြောင်း ပြတ်သားစွာ ရပ်တည်ဖို့၊ စစ်အုပ်စုအပေါ် တရားဝင်မှုပေးအပ်တာတွေကို ငြင်းဆိုဖို့နဲ့ စစ်အုပ်စုရဲ့ အတုအယောင်ရွေးကောက်ပွဲကို ဆန့်ကျင်ဖို့တို့ကို လုပ်ဆောင်ဖို့ လိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

ကရင်နယ်ခြားစောင့်တပ်ဖွဲ့/ကရင်အမျိုးသားတပ်မတော်အကြောင်း ကျွန်ုပ်တို့၏ သုတေသန လေ့လာမှု ကို **<u>ယခုနေရာ</u>**တွင် ဖတ်ရှုပါ။

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

media@justiceformyanmar.org | https://www.justiceformyanmar.org/

https://x.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/